# အနောက်ပိုးကရင်ဘာသာစကားရှိ စကားသံဖွဲ့ပုံလေ့လာချက်

## ပါရဂူ (Ph.D) ဘွဲ့အတွက် တင်သွင်းသောကျမ်း

မနွယ်နွယ်စိုး

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၅ ခုနှစ်၊ ဩဂုတ်လ

# ကျမ်းအကျဉ်းချုပ်

အနောက်ပိုးကရင်ဘာသာစကား၏စကားသံဖွဲ့ပုံကို လေ့လာတင်ပြရာတွင် အခန်း(၅)ခန်းခွဲကာ လေ့လာတင်ပြထားပါသည်။

နိဒါန်းပိုင်းတွင် အလေ့လာခံဘာသာစကားနှင့် ရွေးချယ်ရသည့်ရည်ရွယ်ချက်၊ လေ့လာသည့်နယ်နှင့် အမေးခံပုဂ္ဂိုလ်၊ အလေ့လာခံအချက်အလက်များကောက်ယူခြင်း၊ အခြေခံမည့် နည်းစနစ်သီအိုရီများရွေးချယ်ခြင်းနှင့် သုတေသနပြုလုပ်ပုံများကို တင်ပြထားပါသည်။

အခန်း(၁)တွင် ကရင်လူမျိုးတို့၏သမိုင်းအကျဉ်း၊ နေထိုင်ရာဒေသ၊ အလုပ်အကိုင်၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှု၊ ဓလေ့ထုံးစံများ၊ အနောက်ပိုးကရင်နှင့် အရှေ့ပိုးကရင်ကို ခွဲခြားခေါ်ဝေါ်ပုံ၊ ကရင်ဘာသာစကားနှင့်ပတ်သက်၍ ပညာရှင်တို့ ရှုမြင်ကြပုံနှင့် ရှေးပညာရှင်များ၏ သုတေသနဆောင်ရွက်ချက်များကို အကျဉ်းမျှ လေ့လာတင်ပြထားပါသည်။

အခန်း(၂)တွင် အနောက်ပိုးကရင်ဘာသာစကားရှိ ဗျည်းစနစ်ကို လေ့လာတင်ပြထားပါသည်။

အခန်း(၃)တွင် အနောက်ပိုးကရင်ဘာသာစကားရှိ သရစနစ်ကို လေ့လာတင်ပြထားပါသည်။

အခန်း(၄)တွင် အနောက်ပိုးကရင်ဘာသာစကားရှိ တက်ကျသံများကို မြန်မာတက်ကျသံများနှင့် နှိုင်းယှဉ်၍ လေ့လာဖော်ထုတ်တင်ပြထားပါသည်။

အခန်း(၅)တွင် အနောက်ပိုးကရင်ဘာသာစကားရှိ ဝဏ္ဏဖွဲ့စည်းပုံကို လေ့လာတင်ပြထားပါသည်။

ကျမ်းအဆုံးတွင် လေ့လာတင်ပြခဲ့ပြီးသော အခန်းများအားလုံးကို ပြန်လည်ခြုံငုံသုံးသပ်တင်ပြထားပါသည်။

လိုအပ်သည့်အခန်းများအတွက် နမူနာတိပ်ခွေများ သွင်းယူမှတ်တမ်းပြုထားပါသည်။